# ပုရာဘေဒသုတ်

(သုတ္တနိပါတ်ပါဠိတော်၊ အဋ္ဌကဝဂ်၊ နှာ-၄၁၁)
(၂၀၁၂-ခုနှစ်၊ ဇွန် ၃-ရက်၊ တနင်္ဂနွေနေ့)

ပုရာဘေဒ= ပုရာ=ရှေး + ဘေဒ=ပျက်စီးခြင်း။ ပုရာဘေဒ=မပျက်စီးမီ (ဝါ) မသေမီ။

= ယခုဘဝ ကိုယ်ခန္ဓာ မပျက်စီးမီ မသေမီ ကျင့်ကြံအားထုတ် ပြည့်စုံရမည့်တရားတို့ကို ဟောကြားသောသုတ်။

မြတ်စွာဘုရားသည် ဤသုတ်ကို ဗုဒ္ဓိ(ပညာ)စရိုက်များသော နတ်ပြဟ္မာတို့အတွက် ဟောတော်မူသည်။ ပညာစရိုက်များသော နတ်ပြဟ္မာတို့သည် ယခုဘဝ မသေမီကာလအတွင်း မည်သို့သောတရားများကို ကျင့်ကြံအားထုတ်သင့်သနည်းဟု ကြံစည်စဉ်းစားကြသဖြင့် ထိုအကြံကို သိတော်မူသော မြတ်စွာဘုရားက ဤပုရာဘေဒသုတ်ကို ဟောတော်မူသည်။

**နိမ္မိတရုပ်ပွား မြတ်စွာဘုရား၏အမေးဂါထာ**

**၁။ ကထံဒဿီ ကထံသီလော၊ ဥပသန္တောတိ ဝုစ္စတိ။**

**တံ မေ ဂေါတမ ပဗြူဟိ၊ ပုစ္ဆိတော ဥတ္တမံ နရံ။**

**မြန်မာပြန်။ ။ဂေါတမနွယ်ဘွားအို...ရှင်တော်မြတ်ဘုရား၊အဘယ်ပညာနှင့်ပြည့်စုံပြီး အဘယ်သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ကိလေသာအပူဘေးမှငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ခေါ် ဆိုအပ်ပါသနည်း။မြင့်မြတ်တော်မူသော ရှင်တော်မြတ်ဘုရား အရှင်ဘုရားသည် ဖြေကြားတော်မူပါ။**

**အဖြေဂါထာ (၁)**

**၂။ ဝီတတဏှော ပုရာဘေဒါ၊ ပုဗ္ဗမန္တ'မနိဿိတော။**

**ဝေမဇ္ဈေ န'ပသင်္ချေယျော၊ တဿ နတ္ထိ ပုရက္ခတံ။**

**မြန်မာပြန်။ ။နိမ္မိတရုပ်ပွား မြတ်စွာဘုရား...အကြင်ပုဂ္ဂိုလ်သည် မသေမီ တဏှာကင်းပြီးသည်ဖြစ်၍ ရှေးအတိတ်ကာလ၌ဖြစ်သောခန္ဓာတို့ကိုလည်း တဏှာဒိဋ္ဌိတို့ဖြင့် မမှီမကပ်တော့။ အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာတို့၌လည်း တပ်မက်သူ အမျက်ထွက်သူ စသည် မခေါ် ဆိုထိုက်။ ထိုရဟန္တာပုဂ္ဂိုလ်အားအနာဂတ်ကာလ နောက်ဘဝ၌ တဏှာဒိဋ္ဌိ ရှေ့သွားပြုခြင်း မရှိတော့။ ထိုရဟန္တာပုဂ္ဂိုလ်ကို ကိလေသာ အပူဘေးမှ ငြိမ်းအေးပြီးသောပုဂ္ဂိုလ်ဟူ၍ ဟောတော်မူ၏။**

**တဏှာ ၆-မျိုး။** ။ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ။

**မသေခင် တဏှာကင်းအောင်ကျင့်နည်း။** ။သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးပါးပင် ဖြစ်၏။

၁။ သီလသည် ကာယကံ ဝစီကံမြောက် ကျူးလွန်သော ဝီတိက္ကမကိလေသာကို ပယ်၏။

၂။ သမာဓိသည် စိတ်ကူးကိလေသာခေါ် သည် စိတ်ထဲ၌ ထကြွဖြစ်ပေါ် လာသောကိလေသာကို ပယ်၏။

၃။ ပညာသည် အကြောင်းညီညွတ်လျှင် ဖြစ်ပေါ် နိုင်သည့် အနုသယကိလေသာကို ပယ်၏။

**တနည်း။** ။သီလဖြင့် ကျူးလွန်တတ်သည့် အကြမ်းစားတဏှာ၊ သမာဓိဖြင့် စိတ်ထဲထကြွတတ်သည့် အလတ်စား တဏှာ၊ ပညာဖြင့် ဓာတ်ခံအဖြစ်ကိန်းနေသည့် အနုစားတဏှာကို ပယ်၏။

**အနုသယ နှစ်မျိုး။** ။ အာရမ္မဏာနုသယနှင့် သန္တာနာနုသယ ဟု နှစ်မျိုးရှိ၏။

၁။ရှုမှတ်မှုမရှိသော ပုဂ္ဂိုလ်များအား ကောင်းသောအာရုံများနှင့်တွေ့သောအခါ လိုချင်တပ်မက်မှု တဏှာဖြစ်၏။ အာရုံဆိုးများနှင့်တွေ့ပြန်လျှင်လည်း ကောင်းတာကို တောင့်တမှုတဏှာ ဖြစ်၏။ မရှုမိသော ထိုအာရုံများကို ပြန်လည်ဆင်ခြင်ပြီး ဖြစ်နိုင်သော ကာမရာဂစသည်ကို အာရမ္မဏာနုသယဟု ခေါ်၏။

၂။ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များ၌ ဆိုင်ရာအရိယာမဂ်ဖြင့် မပယ်ရသေးသဖြင့် အကြောင်းညီညွတ်တိုင်း ဖြစ်ပေါ်လာနိုင်သော ကာမရာဂစသည်ကို သန္တာနာနုသယဟု ခေါ်၏။

**မှီခြင်း မမှီခြင်း။** ။မှီသည် တွယ်သည်ဟုဆိုလျှင် တဏှာနှင့်ဒိဋ္ဌိ နှစ်ပါးဖြင့်လျှင် မှီတွယ်ကြ၏။ အာရုံတစ်ခုခုကို နှစ်သက်သာယာနေလျှင် "တဏှာဖြင့်မှီသည်"ဟု ခေါ်၏။ အယူမှား အမြင်မှားဖြင့် စွဲလမ်းနေလျှင် "ဒိဋ္ဌိဖြင့် မှီတွယ်သည်"ဟု ခေါ်၏။

**ရှေးအတိတ်ခန္ဓာကိုလည်း မမှီ။** ။ရဟန္တာပုဂ္ဂိုလ်သည် "ငါသည် ရှေးအတိတ်၌ ဤသို့သဘောရှိသော ရုပ်နာမ် ခန္ဓာများနှင့် ပြည့်စုံခဲ့ဘူးပြီ"ဟု ဆင်ခြင်လျက် ထိုရခဲ့ဘူးသော ရုပ်နာမ်ခန္ဓာ၌ တပ်မက်နှစ်သက်ခြင်း တဏှာရာဂ ကို နောက်ထပ် မဖြစ်စေတော့။ ငှင်းပြင် ရှေးက ချစ်ခင်ဖွယ်ရာ သားမယားတို့နှင့်တကွ ရယ်မောပြောဆိုခဲ့ပုံ, ပျော်ရွှင်စွာနေခဲ့ပုံများကို အာရုံပြု စားမြုံ့ပြန်ကာ သာယာတပ်မက်မှုလည်း ကင်းပြီးဖြစ်၏။ ထို့ကြောင့် ရှေး အတိတ်ခန္ဓာကို မမှီသူ မငြိသူ မကပ်သူ မစပ်သူဟု ခေါ်ရ၏။

**အလယ်ပိုင်းလည်း စာရင်းမဝင်။** ။ဖြစ်ဆဲ ပစ္စုပ္ပန်ရုပ်နာမ်အပေါ်၌ တပ်မက်ခြင်းတဏှာနှင့် ထင်မှားခြင်းဒိဋ္ဌိ တို့ကို ပယ်စွန့်ပြီးဖြစ်သောကြောင့် တဏှာဖြင့်တပ်မက်သူဟူ၍၎င်း၊ ဒေါသဖြင့် ပြစ်မှားသူဟူ၍၎င်း၊ မောဟဖြင့် တွေဝေသူဟူ၍၎င်း ခေါ်ဆိုနိုင်ခွင့် မရှိတော့။ ဤဘဝ၌ အဘိသင်္ခါရခေါ်သော ကံကိုပယ်စွန့်ပြီးဖြစ်၍ လူ့ပြည်၊ နတ်ပြည် စသော ဂတိငါးပါးသို့ လားရောက်လတ္တံ့သူဟူ၍လည်း ထည့်သွင်းရေတွက်စရာ အကြောင်းမရှိတော့။

**နောက်ကိုလည်း မမှီ။** ။မိမိပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုကြောင့် သူဌေးသူကြွယ် မင်းစိုးရာဇာ အဖြစ်၊ နတ်သားနတ်သမီးအဖြစ် စသည် နောက်ဘဝနောက်ခန္ဓာကို တဏှာဒိဋ္ဌိတို့ဖြင့် တောင့်တခြင်းမရှိသည်ကိုပင် "နောက်ကိုလည်း မမှီမတွယ်"ဟု ဆိုပေသည်။

**ဖြစ်ခိုက်ရှုမှတ် အလယ်ပြတ်၏။** ။အလယ်ပိုင်းဆိုတာ ယခု မြင်ခိုက်,ကြားခိုက်,နံခိုက်,စားခိုက်,တွေ့ထိခိုက်, ကြံသိခိုက်မှာ ဒွါရ ၆-ပါးကဖြစ်ပေါ်လာဆဲ သဘောတရားတွေများကို ဆိုလို၏။ ထိုအလယ်ပိုင်း သဘောအာရုံ တွေနဲ့ စပ်ပြီးတော့ တပ်မက်နေတဲ့သူ, စိတ်ဆိုးနေတဲ့သူ စသည်ဖြင့် အခေါ်မခံစေရဘူး။ ဒီလိုအခေါ်မခံရ အောင် ဘယ်လိုလုပ်မလဲဆိုရင် အမှန်အတိုင်းသိအောင် ရှုမှတ်နေရမှာဘဲ။ အနိစ္စ,ဒုက္ခ,အနတ္တ သဘောမျှဘဲလို့ သိရင် သာယာတပ်မက်မှုတွေ စိတ်ဆိုးမှုတွေ မရှိတော့ဘူး။

(မဟာစည်ဆရာတော်၊ ပုရာဘေဒသုတ်တရားတော်၊ နှာ-၅၁။)

**ရှေ့တွယ်-နောက်မြော်သည့် ပတိပူဇိကာ။** ။တာဝတိံသာ ပန်းဥယျာဉ်ကြီးထဲ၌ မာလာဘာရီနတ်သားကြီးနှင့် နတ်သမီးငါးရာတို့ ပန်းခူးနေစဉ် နတ်သမီးတစ်ယောက် စုတေ၍ သာဝတ္ထိမြို့၌ အမျိုးသမီးလာဖြစ်၏။ သူ့အတိတ်ဘဝကို မှတ်မိနေသဖြင့် သူ့အရှင်သခင် မာလာဘာရီနတ်သားကြီးထံသို့သာ ပြန်သွားလို၏။ အမြဲ

တမ်းတနေ၏။ ကုသိုလ်ပြုတိုင်းလည်း ဆုတောင်း၏။ ထိုသို့ လင့်ထံပြန်ရောက်ရေး ကုသိုလ်ပြုသောကြောင့်ပင် သူ့ကို ပတိပူဇိကာဟု ခေါ်၏။ (ပတိပူဇိကာဉပါသိကာမဝတ္ထု၊ ဓမ္မပဒ။)

**၃။ အက္ကောဓနော အသန္တာသီ၊ အဝိတက္ကီ အကုက္ကုစော။**

**မန္တဘာဏီ အနုဒ္ဓတော၊ သ ဝေ ဝါစာ ယတော မုနိ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည်အမျက်ထွက်လေ့မရှိ။ လိုတာမရခြင်းကြောင်းစိုးရိမ်ပူပန်ခြင်းလည်းမရှိ။ သီလအစရှိသောဂုဏ်ဖြင့်မိမိကိုယ်ကို ချီးကျူးဂုဏ်ဖော် ကြွားဝါလေ့မရှိ။ စက်ဆုပ်ရွံရှာဖွယ်ရာ မကောင်းသော ကိုယ်နှုတ်စိတ် အမူအရာလည်း မရှိ။ ပညာဖြင့် ဆင်ခြင်၍ စကားပြောဆိုတတ်၏။ တုန်လှုပ်ပျံ့လွင့်သောစိတ် လည်းမရှိ။ ထိုရဟန်းသည် စင်စစ်အားဖြင့် နှုတ်စကားကို စောင့်စည်းချုပ်တည်းတတ်၏။ထိုကဲ့သို့သော ရဟန်းကို ကိလေသာအပူဘေးမှငြိမ်းအေးပြီးသော ရဟန်းဟူ၍ ငါဘုရား ဟောတော်မူ၏။**

**ရန်ငြိုးဖွဲ့ကြောင်းအာဃာတဝတ္ထု(၉)ပါးနှင့် မဖြစ်သင့်သော ဒေါသ။**

"ငါ့အကျိုးစီးပွားပျက်အောင် ရှေးကလဲ လုပ်ခဲ့ပြီ၊ အခုလဲ လုပ်ဆဲ၊ နောင်လဲ လုပ်အုံးမှာဘဲ"ဟုငှင်း၊ "ငါနှင့် ချစ်ခင်ရင်းနှီးသူရဲ့ အကျိုးစီးပွားပျက်အောင် ရှေးကလဲ လုပ်ခဲ့ပြီ၊ အခုလဲ လုပ်ဆဲ၊ နောင်လဲ လုပ်အုံးမှာဘဲ" ဟုငှင်း၊ "ငါမုန်းသူတွေရဲ့ အကျိုးစီးပွားတွေတက်အောင် ရှေးကလဲ လုပ်ခဲ့ပြီ၊ အခုလဲ လုပ်ဆဲ၊ နောင်လဲ လုပ်အုံး မှာဘဲ"ဟုငှင်း ဤရန်ငြိုးဖွဲ့ကြောင်း အာဃာတဝတ္ထု(၉)ပါးနှင့်၊ ခလုပ်တိုက်ခြင်း,ခြင်ကိုက်ခြင်း,မိုးရွာခြင်း, နေပူခြင်းစသည့်တို့ကြောင့် စိတ်မဆိုးသင့်ရာမျိုး၌ စိတ်ဆိုးခြင်း အဌာနကောပ။ ဤ(၁၀)ပါးသော ဒေါသတို့ကို ပယ်ရမည်။

**သောကကင်းရှင်း နေနိုင်ခြင်း။** ။ရဟန်းများ၌ ကိုးကွယ်ဆည်းကပ်သူ ဒကာဒကာမ မရှိခြင်း၊ အခြံအရံဂိုဏ်း ဂဏမရှိခြင်း၊ မိမိပိုင်ကျောင်းမရှိခြင်း၊ လာဘ်လာဘရှားပါးခြင်း၊ ကျော်စောထင်ရှားမှုမရှိခြင်း၊ အလုပ်အကျွေး မရှိခြင်း စသည်တို့ကြောင့် ပူပန်ခြင်းမရှိစေရ။ လူများ၌လည်း မပြည့်စုံမှုများ၊ မအောင်မြင်မှုများ၊ အဆိုး လောကဓံများနှင့် တွေ့ကြုံလျှင် ပူပန်မှုကင်းအောင် စိတ်ဓာတ်တင်း၍ နေရမည်။ "ရှိရှိ,မရှိရှိ ဖြစ်အောင်နေမယ်၊ အချိန်မတန်သေးလို့ မအောင်မြင်သေးတာဘဲ၊"စသည်ဖြင့် မိမိကိုယ်ကို စိတ်ဓာတ်ခွန်အားများ ပေး၍ နေရမည်။

**ကုက္ကုစ္စ ၃-မျိုး။** ။မကောင်းသော, ကဲ့ရဲ့ဘွယ်ဖြစ်သောကြောင့် ကုက္ကုစ္စ (စက်ဆုပ်ဖွယ်အမူအရာ) ဟုခေါ်၏။ ၎င်းသည်--

၁။ဟတ္ထကုက္ကုစ္စနှင့် ပါဒကုက္ကုစ္စ = လက်ခြေခေါင်းမျက်စိစသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ လှုပ်ရှားပြီး တည်ငြိမ်မှုမရှိ ဣန္ဒြေမရဖြစ်နေခြင်း။

၂။ဝိနယကုက္ကုစ္စ = အပ်လေသလား, မအပ်လေသလားဟု ဝိနည်း၌သံသယဖြစ်ခြင်း။

၃။ဝိပ္ပဋိသာရကုက္ကုစ္စ = နောင်တတတဖန်ပူပန်ခြင်း။

**ကရန္ဒက ကြည်ညိုပုံ။** ။ဘုရားထံ ပေသလဟူသော လူတစ်ယောက်နှင့် ကရန္ဒကဟူသော ပရိဗိုဇ်တစ်ယောက် ရောက်လာ၏။ ဘုရားအနီးရှိ ရဟန်းတော်များစွာ လက်ခြေမလှုပ် ချောင်းမဟန့်ဘဲ ပကတိတည်ငြိမ်နေသည်ကို တွေ့ရ၍ "မြတ်စွာဘုရား တပည့်တွေကို ဒီလိုတည်ငြိမ်နေအောင် ဆုံးမထားတာ ကြည်ညိုစရာဘဲ"ဟု လျှောက်

၏။ ဤတွင် မြတ်စွာဘုရားက ကိလေသာအာသဝေါ ကုန်ခန်းပြီးဖြစ်လို့၊ သတိပဋ္ဌာန်တရားများ ကျင့်သုံးနေကြ၍ ဤကဲ့သို့တည်ငြိမ်ခြင်းဖြစ်ကြောင်း ပြောပြ၏။

**ကောသလမင်းကြီးလျှောက်ပုံ။** ။အခါတပါး ကောသလမင်းကြီး သူ့အမတ်များအကြောင်း ဤသို့လျှောက်၏။ "တပည့်တော်ဟာ ကြိုက်တဲ့အမိန့်ပေးနိုင်တဲ့ အကြွင်းမဲ့အာဏာပိုင် ဘုရင်တစ်ပါးပါဘုရား။ ဒါပေမဲ့ နန်းတော်ထဲ စည်းဝေးရှိလျှင် တပည့်တော်ပြောလို့ မပြီးသေးခင် ဟိုအမတ်က ထပြော, ဒီအမတ်က ထပြောနဲ့ ဆူညံနေတာဘဲ။ မနည်း တောင်းပန်ယူရတယ် ဘုရား။ မြတ်စွာဘုရားမှာတော့ ဒဏ်ပေးတာတွေမရှိဘဲ ပရိသတ်ကို ဩဝါဒပေးတာနဲ့ဘဲ တပည့်တွေဟာ တရားကို ငြိမ်ငြိမ်နာယူနေကြတယ် ဘုရား"ဟု ချီးမွမ်းလျှောက်ထားလေ၏။

**ဥပတိဿ၏ ကြည်ညိုပုံ။** ။ရှင်သာရိပုတြာအလောင်း ဥပတိဿပရိဗိုဇ်ကြီးသည် ရာဇဂြိုလ်မြို့ထဲတွင် တည်ငြိမ်စွာ ဆွမ်းခံနေသော ရှင်မဟာအဿဇိမထေရ်ကိုတွေ့ပြီး "ဒီလိုတည်ငြိမ်တာဟာ သူ့သန္တာန်မှာ တရားထူးရမည်"ဟု မှန်းဆပြီး သူ့ကိုတရားဟောရန် တောင်းပန်၏။

**စကားပြောလျှင် ဉာဏ်ဆင်ခြင်။** ။စကားပြောလျှင် အမှားမပါအောင်၊ အပြစ်ကင်းအောင် အကျိုးရှိမည့်စကားမျိုးကိုသာ ဉာဏ်ဖြင့်ဆင်ခြင်၍ ပြောရမည်။

**မပျံ့လွင့်ဘဲ စိတ်လည်းတည်စေ။** ။စိတ်ပျံ့လွင့်မှုမရှိအောင် တရားအားထုတ်သူများ၌ သမထဝိပဿနာ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုကိုသော်၄င်း၊ သတိပဋ္ဌာန်တပါးပါးကိုသော်၄င်း ပွားများနေရမည်။ သို့မဟုတ် စာပေ ပရိယတ္တိတစ်ခုခု လေ့လာသင်ကြား,ပို့ချ,ရေးသားခြင်း တစ်ခုခုကို ပြုလုပ်နေရမည်။

**နှုတ်ကိုထိမ်းချုပ် အဟုတ်ချမ်းသာ။** ။မုသာဝါဒစသည့် ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်နိုင်လျှင် နှုတ်ကို စောင့်ထိန်းနိုင်သူဟု ခေါ်ရ၏။ မဂ်ဖိုလ်မှဆန့်ကျင်ဘက်ဖြစ်သော အကျိုးမရှိသည့် ၃၂-ပါးသော တိရစ္ဆာနကထာ တို့ကို ရှောင်ကြဉ်စောင့်ထိန်းရမည်။

**ရဟန်းများ၌ ပြောသင့်သည့်စကား ၁၀-မျိုး**

၁။ အပ္ပိစ္ဆ ကထာ=အလိုနည်းခြင်းကို အားပေးသည့်စကား။
၂။ သန္တုဋ္ဌိကထာ=ရောင့်ရဲမှုကို အားပေးသည့်စကား။
၃။ ပဝိဝေက ကထာ=တစ်ဦးတည်း တိတ်ဆိတ်တည်ငြိမ်စွာနေခြင်းကို အားပေးသည့်စကား။
၄။ အသံသဂ္ဂ ကထာ=လူတို့နှင့်ရောနှောစွာနေခြင်းမှ ကင်းမှုကို အားပေးသည့်စကား။
၅။ ဝီရိယာရမ္ဘ ကထာ=ပြင်းစွာအားထုတ်မှုလုံ့လကို ဖြစ်စေတတ်သည့်စကား။
၆။ သီလကထာ=သီလနှင့်စပ်သောစကား။
၇။ သမာဓိကထာ=သမာဓိနှင့်စပ်သောစကား။
၈။ ပညာကထာ=ဝိပဿနာပညာ, မဂ်ပညာနှင့်စပ်သောစကား။
၉။ ဝိမုတ္တိကထာ= ဖိုလ်နှင့်စပ်သောစကား။
၁၀။ ဝိမုတ္တိဉာဏ ဒဿနကထာ=ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သောစကား။

**၄။ နိရာသတ္တိ အနာဂတေ၊ အတီတံ နာနုသောစတိ။**
**ဝိဝေကဒဿီ ဖဿေသု၊ ဒိဋ္ဌီသု စ န နီယတိ။**

**မြန်မာပြန်။ ။အကြင်ပုဂ္ဂိုလ်သည် မဖြစ်သေးသော အနာဂတ်၌ "မည်သို့ဖြစ်ပါစေ"ဟု ကပ်ငြိတွယ်တာ သာယာ မျှော်လင့်ခြင်း မရှိ။ လွန်လေပြီးသော အတိတ်တရားကို စွဲ၍ အဖန်တလဲလဲ စိုးရိမ်ပူပန်ခြင်းလဲ မရှိ။ အတွေ့ဟူသမျှ ဖဿတို့၌ နိစ္စ,သုခ,အတ္တမှ ကင်းဆိတ်ခြင်းကို ရှုလေ့ရှိ၏။ ၆၂-ပါးသော မိစ္ဆာအယူတို့တွင်လည်း မည်သည့်အယူကမျှ ထိုပုဂ္ဂိုလ်ကို မဆောင်အပ်။ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးကိုကိလေသာအပူဘေးမှငြိမ်းအေးပြီး သော ပုဂ္ဂိုလ်ဟူ၍ ငါဘုရားဟောတော်မူ၏။**

**အတိတ်ကိုတွေး မပူဆွေးနဲ့။** ။"ငါ့မျက်စိအကြည်သည် ဤအကြောင်းကြောင့် ပျက်စီးခဲ့လေပြီ"ဟု ပျက်စီး ပြီးသော မျက်စိအကြည်ကိုစွဲလမ်းတမ်းတ၍ ပူပန်ခြင်းမရှိ။ ထို့အတူ ရှေး၌ဖြစ်ဖူးသော လာဘ်ရခြင်း,အခြံအရံ များခြင်း, ကျော်စော်ခြင်း, ချမ်းသာခြင်းတို့သည် ဤမည်သောအကြောင်းကြောင့် ပျက်စီးခဲ့လေပြီဟု ပျက်စီးခဲ့ ပြီးသော အရာတို့၌ စွဲလမ်းတမ်းတ ပူပန်ခြင်းမရှိ။ ထို့ပြင် ငါ့မိဘ ညီအစ်ကို မောင်နှမသားချင်းတို့သည် ပျက်စီးကုန်ပြီဟု ဉာတိဗျသနကိုစွဲ၍ ပူပန်မှုမရှိ။

**ဖဿတို့၌ ကင်းဆိတ်ရမည်။** ။စက္ခုသမ္ဖဿ စသော ဖဿအမျိုးမျိုး၌ "ဤအတွေ့ကား ငါပင်ဖြစ်သော အတွေ့တည်း(အတ္တ)၊ ငါ့ဥစ္စာဖြစ်သော အတွေ့တည်း(အတ္တနိယ)၊ မြဲသောအတွေ့တည်း(နိစ္စ)၊ အခါခပ်သိမ်း ထင်ရှားရှိသော အတွေ့တည်း(သဿတ)၊ ဘယ်အခါမှ ဖေါက်ပြန်ပြောင်းလဲခြင်းမရှိသော အတွေ့တည်း (အဝိပရိဏာမ)"ဟု ပုထုဇဉ်အားဖြစ်တတ်သော အတ္တသဘော, အတ္တနိယသဘော, နိစ္စသဘော, သဿတ သဘော, အဝိပရိဏာမသဘောမှ ကင်းဆိတ်သော ရှုမြင်ခြင်းကို ဆိုလိုသည်။

တနည်းအားဖြင့် ရှေး၌ဖြစ်ခဲ့ဖူးသောအတွေ့သည် ဖြစ်ဆဲ,ဖြစ်လတ္တံ့သော အတွေ့မှ ဆိတ်သုဉ်း၏။ ဖြစ် ဆဲအတွေ့သည်လည်း ဖြစ်ဖူး,ဖြစ်လတ္တံ့သောအတွေ့မှ ဆိတ်သုဉ်း၏။ ဖြစ်လတ္တံ့သောအတွေ့သည်လည်း ဖြစ်ပြီး,ဖြစ်ဆဲ အတွေ့မှ ဆိတ်သုဉ်း၏ဟု ရှုမြင်ခြင်းပင်တည်း။

**ဘယ်ဒိဋ္ဌိမှ ဆွဲဆောင်မခံရ။** ။၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် နောက်ထပ်ဖြစ်ခွင့်မရှိအောင် မဂ်တည်းဟူ သော မီးလျှံသင့်သည်ဖြစ်၍ အကြွင်းမဲ့ပျက်ပြုန်းပြီးဖြစ်ရကား ဤရဟန္တာပုဂ္ဂိုလ်ကို သံသရာဝဲဩဃထဲသို့ ဆောင်ပို့မျှောချခြင်းငှာ မစွမ်းနိုင်တော့ ဟူလို။

**၅။ ပတိလီနော အကုဟကော၊ အပိဟာလု အမစ္ဆရီ။**
**အပ္ပဂဗ္ဘော အဇေဂုစ္ဆော၊ ပေသုဏေယျေ စ နော ယုတော။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည် ရာဂဒေါသ စသော အကုသိုလ်တရားတို့မှတွန့်ဆုတ်သောစိတ်ရှိ၏။ သူတပါးတို့ အထင်ကြီးအောင် ဟန်ဆောင်မှုမပြုတတ်။ ငါးဖြာအာရုံ ကာမဂုဏ်ကို ခုံမင်တောင့်တခြင်းလည်းမရှိ။ ဝန်တိုခြင်းလည်း ကင်း၏။ ကိုယ်နှုတ်စိတ်တို့ဖြင့် တက်ကြွထောင်လွှားလျက်မာန်ခက်ထန်သူလည်းမဟုတ်။ သီလစသည်နှင့် ပြည့်စုံခြင်းကြောင့် ပညာရှိတို့ စက်ဆုပ်ကဲ့ရဲ့အပ်သော သဘောမရှိ။ ကုန်းတိုက်ခြင်းလည်း မရှိတော့။ ဤကဲ့သို့သော ပုဂ္ဂိုလ်ကို ကိလေသာမှ ငြိမ်းအေးသောပုဂ္ဂိုလ်ဟူ၍ငါဘုရား ဟောတော်မူ၏။**

**အကုသိုလ်ဆို တွန့်ဆုတ်ရမည်။** ။ပုထုဇဉ်များသည် ရာဂနှင့်စပ်သော အာရုံတို့၌ ပျော်ရွှင်တတ်ကြ၏။ ဒေါသနှင့်စပ်သော တိုက်ပွဲခိုက်ပွဲများကို မွေ့လျော်တတ်၏။ ထိုသူများကို လောကဘက်က သူရဲကောင်းဟု ချီးမွမ်းကြ၏။ အရိယာများမှာကား ထိုရာဂဒေါသစသည်တို့နှင့် စပ်သောအရာတို့၌ ပျော်ပိုက်မွေ့လျော်မှု မရှိ။ တွန့်ဆုတ်သော စိတ်ရှိကုန်၏။

**အံ့ဩဖွယ်ဖြစ်အောင်ဟန်ဆောင်ခြင်း(၃)**

၁။ ပစ္စယပဋိသေဝန=ပစ္စည်းလေးပါးသုံးဆောင်ပုံနှင့်စပ်၍ ဟန်ဆောင်ခြင်း။

၂။ ဣရိယာပထ=အများမြင်လျှင် အထင်ကြီးလောက်အောင် အရိယာပုဂ္ဂိုလ်ကြီးပမာ ဟန်ဆောင်ကာ သွားလာနေထိုင်၍ ဟန်ဆောင်ခြင်း။

၃။ သာမန္တဇပ္ပန=မိမိ၌မရှိသော တရားထူးများ ရှိလေသည်ထင်အောင် ဟန်ဆောင်၍ မဂ်ဖိုလ်နှင့်နီးစပ်သော စကားများကို စောင်းပါးရိပ်ချေ ပြောဆိုခြင်း။

**မခံမင် မတပ်မက်ခြင်း အပိဟာလု။** ။ငါးပါးအာရုံ ကာမဂုဏ်ကိုင်း, ဒါယကာကိုင်း, အခြံအရံ ပရိသတ် ဂိုဏ်းဂဏကိုင်း, ပစ္စည်းလေးပါးကိုင်း, ထိုထိုဘုံဘဝကိုင်း, အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာကိုင်း မတပ်မက် မတောင့်တ မခင်တွယ်သော ရဟန်းသည် အပိဟာလု မည်၏။

**အဇေဂုစ္ဆ ရဟန်း။** ။ဒုဿီလရဟန်းသည် ပညာရှိတို့ စက်ဆုပ်ကဲ့ရဲ့အပ်သောကြောင့် ဇေဂုစ္ဆမည်၏။ သီလဝန္တရဟန်းသည် ပညာရှိတို့မစက်ဆုပ် မကဲ့ရဲ့အပ်သောကြောင့် အဇေဂုစ္ဆ ရဟန်းမည်၏။

**၆။ သာတိယေသု အနဿာဝီ၊ အတိမာနေ စ နော ယုတော။**
**သဏှော စ ပဋိဘာနဝါ၊ န သဒ္ဓေါ န ဝိရဇ္ဇတိ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည် သာယာဖွယ်အာရုံကာမဂုဏ်ဝတ္ထုတို့၌မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ပိတ်ထားအပ်သောဒွါရတို့မှ တသွင်သွင် ယိုစီးထွက်သော တဏှာတည်းဟူသောအရိ အရွဲ မရှိ။ အလွန် မာန် ထောင်လွှားလျက် သူတပါးကို အထင်သေးခြင်း, မထီမဲ့မြင်ပြုခြင်းလည်း မရှိ။ နူးညံ့ပျော့ပျောင်းသောသဘော လည်း ရှိ၏။ ထင်မြင်သော ဉာဏ်ပညာလည်း ရှိ၏။ အနိစ္စ အစရှိသော သဘောတို့၌ ကိုယ်တိုင်မျက်မှောက် ဉာဏ်ဖြင့်ရောက်ပြီးသည်ဖြစ်၍ သူတပါးတို့ကို အားထားယုံကြည်မှုလည်းမရှိ။ တပ်မက်ခြင်းကင်းပြီးသည်ဖြစ်၍ ယခုတပ်မက်ခြင်း ကင်းဆဲလည်း မဟုတ်။ ထိုရဟန်းမျိုးကို အပူခပ်သိမ်း ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။**

**တဏှာအစေး မထွက်စေရ။** ။ သတိတံခါး ပိတ်မထားလျှင် နှစ်သက်ဖွယ် အဆင်း,အသံ,အနံ့,အရသာ, အတွေ့တို့နှင့် တွေ့သောအခါ မျက်စိ,နား,နှာ,လျှာ,ကိုယ်တို့မှ တဏှာအစေး အရိအရွဲများ ယိုစီးဆင်းလာ၏။ ရဟန္တာ၌ သတိတံခါးဖြင့် ဒွါရ(၆)ပေါက်ကို ပိတ်ဆိုထားပြီးရုံမက အရဟတ္တမဂ်ဉာဏ်တည်းဟူသော မီးရှိန်သင့်၍ တဏှာအစေးများ ခြောက်ခမ်းပြီးဖြစ်၍ ယိုစီးခြင်း မရှိတော့။

**နူးညံ့ရမည်။** ။နူးညံ့သိမ့်မွေ့သော ကာယကံ,ဝစီကံ,မနောကံတို့နှင့်၎င်း၊ နူးညံ့သိမ်မွေ့သော အကျင့်တရား ဗောဓိပက္ခိယတရားတို့နှင့်၎င်း ပြည့်စုံမှုရှိစေရမည်။

**ပဋိဘာန် (၃)မျိုး**
၁။ ပရိယတ္တိ ပဋိဘာန်=ပိဋကတ်သုံးပုံကို သင်ယူပြီးသော ရဟန်း၏ သင်ယူခြင်းကိုမှီ၍ဖြစ်သော ဉာဏ်။
၂။ ပရိပုစ္ဆာ ပဋိဘာန်=ပိဋကပါဠိ၏အနက် အဌကထာကို အဖန်တလဲလဲ မေးမြန်းပြီးသော(သင်ယူပြီးသော) ရဟန်း၏ အဖန်တလဲလဲ မေးမြန်းမှုကိုမှီ၍ဖြစ်သောဉာဏ်။
၃။ အဓိဂမ ပဋိဘာန်=ဗောဓိပက္ခိယ(၃၇)ပါး၊ မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး၊ ပဋိသမ္ဘိဒါ(၄)ပါး၊ အဘိညာဉ်(၆)ပါးတို့ကို ရပြီးသော ရဟန္တာပုဂ္ဂိုလ်၏ အတ္ထပဋိသမ္ဘိဒါဉာဏ်နှင့် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်။

**န သဒ္ဓေါ။** ။သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ကိုယ်တိုင်သိပြီးဖြစ်၍ ၎င်းတရားတို့ကို သိရေး၌ သူတပါးတို့၏ ပြောစကားကို ယုံကြည်အားထားစရာ မလိုတော့။

**ရှင်သာရိပုတြာ၏မယုံကြည်မှု။** ။အခါတပါး မြတ်စွာဘုရားက ရှင်သာရိပုတြာကို "က္ခန္ဓေ ၅-ပါးတို့ကို ကြိမ်ဖန်များစွာ ပွားများလျှင် အမြိုက်နိဗ္ဗာန်ကို ရတယ်ဆိုတာ သင်ယုံသလား"ဟု မေးတော်မူသောအခါ၊ ရှင်သာရိပုတြာက "ဒီနေရာမှာ တပည့်တော် မြတ်စွာဘုရားစကားကို ယုံကြည်လို့ လက်ခံတာမဟုတ်ပါဘူး ဘုရား။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် မသိမြင်သေးသူတွေမှာတော့ သူတပါးကို အားကိုးပြီး လက်ခံရတာ ဖြစ်နိုင်ပါတယ်ဘုရား"ဟု လျှောက်ထားလေ၏။ (ဓမ္မပဒ၊ အရဟန္တဝဂ်၊ သာရိပုတ္တဝတ္ထု။)

**"န ဝိရုဠှတိ=တပ်မက်ခြင်းမှ ကင်းဆဲမဟုတ်"ဟူသည်။** ။ကလျာဏပုထုဇဉ်နှင့် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်(၇) ယောက်တို့သည် ထိုထိုအာရုံတို့၌ တပ်မက်နှစ်သက်ခြင်းမှ ကင်းဆဲဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်တို့မှာကား တပ်မက်ခြင်းမှ ကင်းပြီးဖြစ်၏။ ထို့ကြောင့် ရဟန္တာကို "တပ်မက်ခြင်းမှ ကင်းဆဲမဟုတ်"ဟု ဆိုရ၏။

**၇။ လာဘကမျာ န သိက္ခတိ၊ အလာဘေ စ န ကုပ္ပတိ။**
**အဝိရုဒ္ဓေါ စ တဏှာယ၊ ရသေသု နာနုဂိဇ္ဈတိ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည်ပစ္စည်းလေးပါး လာဘ်လာဘကို အလိုရှိသောကြောင့်ပိဋကတ်ကျမ်းဂန်ကို သင်ကြားသည်မဟုတ်။ (ဝါ) ဓုတင်အကျင့်ကို ကျင့်သည်လည်းမဟုတ်။ ပစ္စည်းလေးပါး လာဘ်မရခြင်းကြောင့် လည်း အမျက်မထွက်။ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူသော အကြောင်းကြောင့် ဆန့်ကျင်ဘက် အမျက်ဒေါသလည်း မရှိ။ အချိုအချဉ်စသော ဘောဇဉ်အရသာတို့၌တပ်မက် မောခြင်းလည်း မရှိ။ ထိုရဟန်းကို ကိလေသာ အပူခန်း၍ ငြိမ်းချမ်းသောရဟန်းဟူ၍ငါဘုရားဟောတော်မူ၏။**

**သိဖို့ သင်၊ ငြိမ်းဖို့ ကျင့်။** ။အချို့ရဟန်းသည် ပစ္စည်းလေးပါး လာဘ်လာဘပေါများအောင် စာပေကို သင်ယူ၏။ ထိုရဟန်းကား မိမိသိအောင်, သာသနာတည်အောင်, ကိလေသာချိုးနှိမ်နိုင်အောင်, သံသရာက ထွက်မြောက်အောင် သင်ယူ၏။ အချို့ရဟန်းကား ပစ္စည်းလေးပါးရလိုမှုကြောင့် ဓုတင်အကျင့်ကို ကျင့်ကြ၏။ ထိုရဟန်းကား အလိုနည်းအောင်, ကိလေသာခေါင်းပါးအောင် ကျင့်၏။

**တဏှာကြောင့် ဒေါသမဖြစ်တော့။** ။လောက၌ အာရုံငါးပါး၌ ခုံမင်တတ်သောတဏှာကြောင့် တစ်ဦးနှင့်တစ်ဦး, တစ်အိမ်နှင့်တစ်အိမ်, တစ်ရွာနှင့်တစ်ရွာ, တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် မညီမညွတ် ဆန့်ကျင်ဘက်ပြု

လျက် လုယက်တိုက်ခိုက် သတ်ဖြတ်နေကြ၏။ ထိုရဟန်းကား ထိုတဏှာကိုအရင်းခံ၍ ဆန့်ကျင်မှုမရှိ။ ဒေါသ အပူမှ ငြိမ်း၏။

**၈။ ဥပေက္ခကော သဒါ သတော၊ န လောကေ မညတေ သမံ။**
**န ဝိသေသီ န နီစေယျော၊ တဿ နော သန္တိ ဥဿဒါ။**

**မြန်မာပြန်။ ။အကြင်ရဟန်းသည်အခါခပ်သိမ်း ကာယ,ဝေဒနာ,စိတ္တ,ဓမ္မဟူသော လေးဖြာသော သတိပဋ္ဌာန် တရားတို့၌ အမှတ်ရမှု သတိနှင့်ပြည့်စုံသည်ဖြစ်၍အာရုံခြောက်ပါးတို့နှင့်ကြုံပါသော်လည်း ဝမ်းနည်းကင်းကွာ ဝမ်းသာမပြု လျစ်လျူရှုတတ်၏။ လူအပေါင်း၌ အမျိုးအနွယ်ဇာတ် အတတ်ပညာ ဂုဏ်သိက္ခာအားဖြင့် တူသည်ဟု မမှတ်ထင်တတ်။ ထူးကဲလွန်မြတ်သည်ဟူ၍လည်းမမှတ်ထင်တတ်။ ယုတ်နိမ့်သည်ဟူ၍လည်းမမှတ်ထင်တတ်။ ထိုရဟန်းအား ပွါးများထူထပ် ဖြစ်လာတတ်သော ရာ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,ကိလေသ,ကမ္မအားဖြင့် (၇)သော တရားတို့သည် မရှိတော့ကုန်။ ထိုရဟန်းကို အပူခပ်သိမ်း ငြိမ်းအေးပြီးသော ရဟန်းဟူ၍ ငါဘုရား ဟောတော် မူ၏။**

**ဆင်းရဲချမ်းသာ ချိန်ခွင်လျှာညီ။** ။သတိပဋ္ဌာန်လေးပါး အမြဲမပြတ်ပွားများနေသော ပုဂ္ဂိုလ်အား ချစ်ခင်နှစ်သက် ဖွယ်ရာအာရုံများနှင့် တွေ့သော်လည်း ဝမ်းသာမှု တပ်မက်မှုမဖြစ်။ မကောင်းသော ရွံမုန်းဖွယ်ရာ အာရုံများနှင့် တွေ့သော်လည်း မုန်းတီးမှု အမျက်ထွက်မှု စိတ်ညစ်မှု စိတ်ပျက်မှု ဒေါသ,ဒေါမနဿများ မဖြစ်တော့။ ချစ်ခြင်း, မုန်းခြင်းနှစ်ဖက်သို့ မရောက်စေဘဲ သတိသမ္ပဇဉ်ဖြင့် ပဲ့ပြင်၍ ချိန်ခွင်လျှာသဖွယ် အလည်ဗဟို၌ ရပ်တည်၍ လျစ်လျူရှုခြင်း ဥပေက္ခာ(ဆဠင်္ဂုပေက္ခာ)နှင့် ပြည့်စုံသောရဟန္တာသည် "ဥပေက္ခက"မည်၏။

**မဟာစည်ဆရာတော်၏ဆဠင်္ဂုပေက္ခာ အကြောင်း။** ။ "ရဟန္တာပုဂ္ဂိုလ်များမှာတော့ အမြဲတမ်းပြည့်စုံနေတဲ့ ဂုဏ်ဘဲ။ ပုထုဇဉ်ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ်တွေမှာတော့ ဝိပဿနာရှုခိုက် ဒီဉာဏ်ရောက်ခိုက်မှာသာ ပြည့်စုံပါတယ်။ ဒီဉာဏ်နှင့်ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ ရဟန္တာ၏ဂုဏ်နှင့် အခိုက်အတန့်အားဖြင့် ပြည့်စုံနေပါတယ်။

(ပုရာဘေဒသုတ်တရားတော်၊နှာ-၂၂၈-၉။)

ဉာဏ်အလွန်ထက်မြက်တဲ့သူဆိုရင် ခုနစ်ရက်လောက်အတွင်းမှာ ဒီလျစ်လျူရှုနိုင်တဲ့ဉာဏ်ကို ရောက် တတ်ပါတယ်။ ဒီလိုပုဂ္ဂိုလ်လဲ အင်မတန်ရှားပါတယ်။ တစ်ရာမှာ တစ်ယောက်လောက်တောင် တွေ့ရခဲပါတယ်။

(ပုရာဘေဒသုတ်တရားတော်၊နှာ-၂၂၂။)

မှတ်ချက်။ ။သေယျမာန်,သဒိသမာန်,ဟီနမာန် သုံးမျိုးအကြောင်း ရှေးတုဝဋ္ဋကသုတ် ဂါထာနံပါတ်(၄)၌ပြန်ကြည့်ပါ။ ဥဿဒတရား (၇)ပါးအကြောင်းကို ဂါထာနံပါ(၆)၌ ကြည့်ပါ။

**၉။ ယဿ နိဿယနာ နတ္ထိ၊ ဉတွာ ဓမ္မံ အနိဿိတော။**
**ဘဝါယ ဝိဘဝါယ ဝါ၊ တဏှာ ယဿ န ဝိဇ္ဇတိ။**

**မြန်မာပြန်။ ။အကြင်ရဟန္တာပုဂ္ဂိုလ်အားသင်္ခါရတရားတို့ကိုအနိစ္စ,ဒုက္ခ,အနတ္တဟု သိမြင်ခြင်းကြောင့်စက္ခု စသည်တို့၌ တပ်မက်ခြင်း, မှားမှားယွင်းယွင်း သုံးသပ်ယူဆခြင်းအားဖြင့်ငြိကပ်စပ်မှီကြောင်းဖြစ်ကုန်သော တဏှာ,ဒိဋ္ဌိတို့ မရှိတော့ကုန်။ အကြင်ရဟန္တာပုဂ္ဂိုလ်အားဘဝဒိဋ္ဌိ,သဿတဒိဋ္ဌိ အကျိုးငှာလည်း၊ (ဝါ) ထိုထိုဘုံဘဝ**

**၌ အဖန်ဖန်ဖြစ်ခြင်းငှာလည်း၊ ဝိဘဝဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ အကျိုးငှာလည်း၊ (ဝါ) ထိုထိုဘုံဘဝတို့၌အဖန်ဖန်မဖြစ်ခြင်းငှာလည်း တပ်မက်တတ်သောတဏှာမရှိတော့ပေ။**

**မိစ္ဆာ(ဥပါဒါန်) ၂-ပါး မရှိတော့။** ။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ရုပ်နာမ်သင်္ခါရတရားတို့ကို နိစ္စ,သုခ,အတ္တဟု ထင်မှတ်တတ်၏။ ရဟန္တာပုဂ္ဂိုလ်၌ကား သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု သိပြီးဖြစ်သောကြောင့် တဏှာဒိဋ္ဌိဟူသော အမှီအစွဲ ပယောဂကင်းပြီးဖြစ်၏။ ထို့ကြောင့် စက္ခုစသော အတွင်းအာယတန(၆)ပါး တို့ကိုလည်း၊ ရူပါရုံစသော အပြင်အာယတန(၆)ပါးတို့ကိုလည်း တစ်စုံတစ်ခုကိုမျှ သာယာစွဲလမ်းမှု တဏှာဟူသော မိစ္ဆာလည်း မရှိတော့။ ထိုတရားများကိုပင် ငါပဲ, သူပဲ, အသက်ရှင်နေသော သတ္တဝါပဲ, အတ္တပဲ, မသေမပျောက် အမြဲတည်နေသော အကောင်ပဲ, သေပြီး စင်ကြယ်လွတ်မြောက်သွားသော အကောင်ပဲ, သေပြီး ဘဝဆုံးသွား သောအကောင်ပဲ စသည်ဖြင့် ယူဆတတ်သော ဒိဋ္ဌိဟူသော မိစ္ဆာလည်းမရှိတော့။

**သေပြီးနောက် ဖြစ်,မဖြစ် တောင့်တခြင်းမရှိတော့။** ။ ပုထုဇဉ်များ၌ သေပြီးလျှင် အတ္တခေါ် ဝိညာဏ်ကလေး က နောက်ဘဝသို့ ပြောင်းရွှေ့သွားသည်ဟု ယုံကြည်တတ်၏။ ဤအယူစွဲကို ဘဝဒိဋ္ဌိဟုလည်း၊ သဿတဒိဋ္ဌိဟု လည်း ခေါ်၏။ တချို့က သေပြီးလျှင် ဘဝဆုံး၏၊ နောက်ဘဝ မရှိတော့ဟုလည်း ယုံကြည်တတ်၏။ ဤအယူစွဲကို ဝိဘဝဒိဋ္ဌိဟုလည်း၊ ဥစ္ဆေဒဒိဋ္ဌိဟုလည်း ခေါ်၏။ ရဟန္တာပုဂ္ဂိုလ်၌ကား ဘဝဖြစ်ခြင်းကိုလည်း၊ ပြတ်ခြင်းကိုလည်း တောင့်တ ခြင်းမရှိတော့။

**၁၀။ တံ ဗြူမိ ဥပသန္တောတိ၊ ကာမေသု အနပေက္ခိနံ။**
**ဂန္ထာ တဿ န ဝိဇ္ဇန္တိ၊ အတရီ သော ဝိသတ္တိကံ။**
**မြန်မာပြန်။ ။ဝတ္ထုကာမ ကိလေသာကာမတို့၌ငဲ့ကွက်ခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်ကို ကိလေသာအပူ ငြိမ်းပြီးသူဟူ၍ ငါဘုရား ဟောတော်မူ၏။ ထိုရဟန္တာပုဂ္ဂိုလ်အားအဘိဇ္ဈာကာယဂန္ထ စသော အထုံးအဖွဲ့ ဂန္ထလေးပါး မရှိတော့ကုန်။ ထိုရဟန္တာပုဂ္ဂိုလ်ကို ထိုထိုဘုံဘဝတို့၌ ပျံ့နှံ့ကျယ်ဝန်းသော တဏှာနယ်ပယ်ကို လွန်မြောက်ပြီးသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရားဟောတော်မူ၏။**

မှတ်ချက်။ ။ဂန္ထလေးပါးအဓိပ္ပါယ်ကို မဟာဗျူဟသုတ် ဂါထာနံပါတ်(၁၈)၌ ပြန်ကြည့်ပါ။

**၁၁။ န တဿ ပုတ္တာ ပသဝေါ၊ ခေတ္တံ ဝတ္ထုံ စ ဝိဇ္ဇတိ။**
**အတ္တာ ဝါပိ နိရတ္တာ ဝါ၊ န တသ္မိံ ဥပလဗ္ဘတိ။**
**မြန်မာပြန်။ ။ထိုရဟန္တာပုဂ္ဂိုလ်အားသားသမီးတို့သည်လည်း (ဝါ) သားသမီးတို့၌ ငါ့ဟာဟု သိမ်းပိုက်တတ် သော တဏှာတို့သည်လည်း၊ ဆင်မြင်းကျွဲနွားစသောသတ္တဝါတို့သည်လည်း (ဝါ) ဆင်မြင်းကျွဲနွားစသောသတ္တဝါ တို့၌ ငါ့ဟာ,ငါ့ဥစ္စာဟု သိမ်းပိုက်တတ်သော တဏှာတို့သည်လည်း၊ လယ်သည်လည်း (ဝါ) လယ်၌ ငါ့ဟာဟု သိမ်း ပိုက်တတ်သော တဏှာသည်လည်း၊ အိမ်ယာခြံမြေ စသော မြေသည်လည်း (ဝါ) အိမ်ယာခြံမြေစသော မြေ၌ ငါ့ဟာ ဟု သိမ်းပိုက်တတ်သော တဏှာသည်လည်း မရှိတော့။ ထိုရဟန္တာပုဂ္ဂိုလ်၌ အတ္တဒိဋ္ဌိသည်လည်း ဥစ္ဆေဒဒိဋ္ဌိသည်လည်း မရှိတော့။**

**၁၂။ ယေန နံ ဝဇ္ဇုံ ပုထုဇ္ဇနာ၊ အထော သမဏဗြာဟ္မဏာ။**

**တံ တသ္သ အပုရက္ခတံ၊ တသ္မာ ဝါဒေသု နေ’ဇတိ။**

**မြန်မာပြန်။ ။ပုထုဇဉ်ဖြစ်သော နတ်လူတို့သည်၎င်း၊ ထိုမှတပါး ပရိဗိုဇ်ရဟန်း ပုဏ္ဏားတို့သည်၎င်း ရာဂ စသော အပြစ်အနာဖြင့် စွပ်စွဲကြကုန်၏။ ထိုစွပ်စွဲကြောင်းဖြစ်သောရာဂစသော အပြစ်အနာအဆာသည် ထိုရဟန္တာပုဂ္ဂိုလ်အားမှန်ကင်းအလား ရှေ့ဆောင်ထားအပ်သောအရာမဟုတ်တော့။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ် သည် ကဲ့ရဲ့စွပ်စွဲခြင်းတို့ကြောင့်တုန်လှုပ်ခြင်းမရှိတော့။**

**ရာဂစသား ရှေ့ဆောင်မထားတော့။** ။ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရာဂဒေါသစသောတရားများ စေခိုင်းရာကို ပြုလုပ်နေကြရ၏။ သူတို့ခေါ်ဆောင်ရာကို လိုက်နေကြရသောကြောင့် သူတို့က ရှေ့ဆောင်လမ်းပြသဖွယ်ဖြစ် နေ၏။ ထို့ကြောင့် သူတို့ခေါ်ဆောင်ရာ လိုက်နေကြရ၏။ ဖြစ်နေဆဲမဟုတ်တောင် အနုသယဓာတ်အနေဖြင့် အကြောင်းညီညွတ်လျှင် ဖြစ်ဖို့အဆင်သင့်ဖြစ်နေ၏။ ရဟန္တာများမှာတော့ အနုသယဓာတ်ပါမကျန် အကုန်ပယ် လှန်ပြီးဖြစ်သဖြင့် ရာဂစသည်တို့ကို ခေါင်းဆောင်တင်စရာမလို။ သူ့သန္တာန်၌ ဖြစ်နိုင်ခွင့် အလျင်းမရှိတော့။ ထို့ကြောင့် ရဟန္တာကို "လောဘဖြစ်နေသူ၊ ဒေါသဖြစ်နေသူ၊ မာနဖြစ်နေသူ၊ တွေဝေနေသူ"စသဖြင့် ကဲ့ရဲ့နိုင် ခြင်း မရှိတော့။

**၁၃။ ဝီတဂေဓော အမစ္ဆရီ၊ န ဥဿေသု ဝဒတေ မုနိ။**

**န သမေသု န ဩမေသု၊ ကပ္ပံ နေ’တိ အကပ္ပိယော။**

**မြန်မာပြန်။ ။ထိုရဟန္တာပုဂ္ဂိုလ်သည်ရူပသဒ္ဒစသည့်အာရုံကာမဂုဏ်တို့၌ တပ်မက်မောခြင်းမှလည်းကင်း၏။ ကုလ,လာဘ အာဝါသနှင့် ဝဏ္ဏ,ဓမ္မ ငါးဖြာသောအဖို့တို့၌ဝန်တိုခြင်းလည်း မရှိ။ ပစ္စုပ္ပန် သံသရာ နှစ်ဖြစ်သော လောကကို မဖေါက်မပြန် အမှန်သိသည်ဖြစ်၍ မိမိထက်မြင့်မြတ်သောပုဂ္ဂိုလ်တို့၌ "ငါနှင့်ထိုသူ အတူတူပဟုင်း", ဂုဏ်ရည်တူသော ပုဂ္ဂိုလ်တို့၌ "ငါနှင့်ထိုသူ အတူတူပဟုင်း", မိမိအောက် နိမ့်ကျသော ပုဂ္ဂိုလ်တို့၌ "ငါနှင့်ထိုသူ အတူတူပဟုင်း" မာန်မူသောအားဖြင့် မပြောကြားတတ်။ တဏှာဒိဋ္ဌိတို့ဖြင့် ဖေါက်ပြန်မှားယွင်းစွာကြံစည်ခြင်းမရှိ သဖြင့် ဖေါက်ပြန်မှားယွင်းစွာကြံစည်တတ်သော တဏှာဒိဋ္ဌိနောက် မလိုက်တော့။**

**လိုရင်းအဓိပ္ပါယ်။** ။ ရဟန္တာပုဂ္ဂိုလ်သည် တပ်မက်မှုတဏှာကို၎င်း၊ ဝန်တိုမှု မစ္ဆရိယကို၎င်း၊ သေယျမာန်,သဒိသ မာန်,ဟီနမာန်ဟူသော မာန်သုံးပါးကို၎င်း အမြစ်ပြုတ်အောင် ပယ်နှုတ်ပြီးဖြစ်၏။ ထိုထိုဘုံဘဝတို့၌ လူကောင်း နတ်ကောင်း စသည်ဖြစ်အောင် တည်ဆောက်တတ်သော တဏှာဒိဋ္ဌိဟူသော အကြံကောင်း လက်သမား ၂- ယောက်ကိုလည်း အငုတ်ပါမကျန် ပယ်လှန်နှုတ်ပြီး ဖြစ်၏။ (ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို မည်သို့မျှ မစွပ်စွဲနိုင် တော့ ဟူလို။)

**၁၄။ ယဿ လောကေ သကံ နတ္ထိ၊ အသတာ စ န သောစတိ။**

**ဓမ္မေသု စ န ဂစ္ဆတိ၊ သ ဝေ သန္တောတိ ဝုစ္စတီတိ။**

**မြန်မာပြန်။ ။အကြင်ရဟန္တာပုဂ္ဂိုလ်အားလောက၌ ငါ့ဥစ္စာဟု သိမ်းပိုက်တတ်သော တဏှာမရှိတော့။ ကိုယ်ပိုင်ဥစ္စာ မရှိခြင်းကြောင့်လည်းစိုးရိမ်ခြင်းမရှိ။ တေဘုမ္မက သင်္ခါရတရားတို့ကြောင့်လည်းမရောက်သင့် မရောက်ထိုက်သော အရာသို့ ဆန္ဒ,ဒေါသ,ဘယ,မောဟ စသည်တို့၏အစွမ်းကြောင့်မရောက်တော့။ စင်စစ် အမှန်အားဖြင့် ထိုရဟန္တာပုဂ္ဂိုလ်ကို ပူပန်ခပ်သိမ်း ငြိမ်းအေးပြီးသောသူဟူ၍ဆိုအပ်ပေ၏။**

**အစွဲမရှိ သောကမရှိ။** ။ရဟန္တာပုဂ္ဂိုလ်အား မည်သည့်ခန္ဓာ မည်သည့်အရာ၌မျှ ငါ,ငါ့ဟာဟု သိမ်းပိုက်စွဲလမ်းမှု တဏှာမရှိတော့။ ကိုယ်ပိုင်ဥစ္စာအဖြစ် စွဲလမ်းမှုမရှိသဖြင့် တစုံတခုသောအကြောင်းကြောင့် ထိုခန္ဓာတို့၏ ပျက်စီးခြင်း, အနာရောဂါဖြစ်ခြင်း, ဆွေမျိုးတို့၏ပျက်စီးခြင်း, ပစ္စည်းဥစ္စာတို့ ဆုံးရှုံးခြင်းဟူသော အကြောင်း ကြောင့် စိုးရိမ်ပူပန်မှု သောကမရှိတော့။

**သင်္ခါရတို့ကြောင့် အဂတိမရောက်။** ။ယောက်ျားမိန်းမ အိုးအိမ်တိုက်တာ ရွှေငွေရတနာ စသည်တို့သည် ရုပ်နာမ်သင်္ခါရတရားတို့သာ ဖြစ်ကုန်၏။ ထိုသင်္ခါရတရားများ ရရှိဖို့အတွက် မလားရောက်အပ်သော ဆန္ဒာဂတိ, ဒေါသာဂတိ, ဘယာဂတိ, မောဟာဂတိတို့သို့ မလိုက်တော့။

**ပုရာဘေဒသုတ္တံ နိဋ္ဌိတံ။**